သို့

၁။ ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ
နေပြည်တော်။

၂။ တရားသူကြီးချုပ်
နိုင်ငံတော်တရားရုံးချုပ်
ရုံးအမှတ် (၃၄)၊ နေပြည်တော်။

ရက်စွဲ။ ၂၀၁၁ ခုနှစ်၊ မတ်လ ( ၂၅ ) ရက်။

အကြောင်းအရာ ။ ။ သက်သေခံဥပဒေအား ပြောင်ပြောင်တင်းတင်းချိုးဖောက်လျက် ဥပဒေမဲ့ တရားမျှတမှုကင်းမဲ့စွာ အမှုစစ်ဆေးလျက်ရှိသော ရန်ကုန်မြောက်ပိုင်း ခရိုင်တရားသူကြီး ဦးကိုကိုဦးအား ပြင်းပြင်းထန်ထန်အရေးယူပေးပါရန် နှင့် အခြားတရားမျှတသော တရားသူကြီးအား ပြောင်းလဲပေးပါရန်။

ဒေါက်တာထက်ဝေအောင်မှ အောက်ပါအတိုင်း ရိုသေစွာ
တင်ပြတောင်းဆိုအပ်ပါသည်။

၁။ ကျွန်တော်၏ အစ်ကို ကိုဖြိုးဝေအောင်အား သကြံန် $X_2O$ မဏ္ဍာပ် ဗုံးပေါက်ကွဲမှုတွင် ပါဝင်သည်ဟု (၆-၅-၂၀၁၀) နေ့တွင် ရဲချုပ်မှ သတင်းစာရှင်းလင်းပွဲပြုလုပ်၍ တရားခံအဖြစ် ကြိုတင်သတ်မှတ်ကာ (၃၀-၆-၂၀၁၀) နေ့တွင်စတင်၍ အမှု (၄) မှုဖြင့် ရန်ကုန်မြောက်ပိုင်း ခရိုင်တရားသူကြီး ဦးကိုကိုဦးမှ ထောင်ဝင်းထဲတွင် စစ်ဆေးလျက်ရှိပါသည်။

၂။ ထိုသို့ စစ်ဆေးစဉ် တရားသူကြီး ဦးကိုကိုဦးမှ တရားစီရင်မှုနှင့် မဆိုင်သော စကားများပြော၍ ပြန်လှန်မေးခွန်းမေးခွင့်ကို မတရားပိတ်ပင်ခြင်း၊ အမှုတွဲအပြည့်အစုံကူးခွင့်မပေးခြင်း၊ မိသားစု ဝင်ရောက်နားထောင်ခွင့်မပေးဘဲ အမှုစစ်ဆေးခြင်း၊ ကိုဖြိုးဝေအောင်၏ ကိုးကွယ်ရာကို ပြက်ရယ်ပြုခြင်း စသည်တို့ကို ပြုလုပ်ခဲ့ပါသည်။ ထို့အတွက် တရားမျှတမှုကင်းမဲ့သော တရားစီရင်ခြင်းအတွက် "ရုံးပြောင်းပေးစေလိုမှု"၊ "မိသားစု ဝင်ရောက်နားထောင်ခွင့်ရလိုမှု"၊ အမှုတွဲအပြည့်အစုံမိတ္တူကူးခွင့်ရလိုမှု" ၊ "ပြန်လှန်မေးခွန်းအပြည့်အဝမေးခွင့်ရလိုမှု" စသည့် အမှု (၄) ခုအား ရန်ကုန်တိုင်းဒေသကြီးတရားရုံးသို့လျှောက်ထားရာ ရန်ကုန်တိုင်းဒေသကြီးတရားရုံးမှ အဆိုပါ အမှု (၄) မှုစလုံးအား "အကျဉ်းနည်းဖြင့် ပလပ်ကြောင်း"၊ "လက်ခံရန် အကြောင်းမရှိ၍ ပလပ်သည်" စသည်ဖြင့် အမိန့်ချမှတ်ခဲ့ပါသည်။ ထိုအမှု (၄) မှုမှ (၃) မှုအား ရန်ကုန်တရားရုံးချုပ်မှ လက်ခံသင့်၊ မသင့်ကြားနာပြီး လက်ခံပြီးကာမှ ရန်ကုန်တရားရုံးချုပ်၊ တရားသူကြီး ဦးမြင့်သိန်းမှ တရားစီရင်မှုတွင် အလွန်အရေးပါသော အချက်များပါသည့် အဆိုပါ (၃) မှုစလုံးအား ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။

၃။ ထိုသို့ တရားရုံးချုပ်မှ "တရားမျှတသော တရားသူကြီးနှင့် စစ်ဆေးခွင့်"၊ "မိသားစုဝင်ရောက်နားထောင်ခွင့်"၊ "အမှုတွဲအပြည့်အစုံကူးယူခွင့်" ပြုရန် လျှောက်ထားသော အမှုများငြင်းပယ်ပြီးနောက် အင်းစိန်ထောင်အတွင်းရှိ အထူးတရားရုံး၌ တရားသူကြီး ဦးကိုကိုဦးက အမှုအားဆက်လက်စစ်ဆေးနေပါသည်။ ထိုသို့စစ်ဆေးစဉ် တရားလိုပြသက်သေဒုရဲမှူးဝင်းမောင်မှ Chief examination တွင် ကိုဖြိုးဝေအောင်သည် ထိုင်းနိုင်ငံသို့ (၂) ကြိမ်သွားရောက်၍ တရားခံပြေး (၄) ယောက်နှင့်အတူ $X_2O$ သင်္ကြန်ဗုံးဖောက်ခွဲမှုအတွက်ကြံစည်ကြောင်း၊ ၎င်းတို့နှင့် ပူးပေါင်းပါဝင်ကြောင်း၊ ဖုန်းဆက်သွယ်မှု၊ အင်တာနက်ဆက်သွယ်များပြုလုပ်ခဲ့ကြောင်း၊ $X_2O$ မဏ္ဍာပ်ရှေ့မှ မပေါက်ကွဲသေးသော ဗုံးတွေ့ရှိကြောင်း၊ ၎င်းဖုန်းဗုံးရှိဖုန်းမန်မိုရီကဒ်တွင် ဖုန်းနံပါတ် (၅) ခုမှတ်ထားကြောင်း၊ ၎င်းဖုန်းနံပါတ်များမှ တစ်ခုသည် တရားခံပြေးဟုစွပ်စွဲထားသော သူရဇော်၏ဖုန်းဖြစ်ကြောင်း၊ ၎င်းဖုန်းနံပါတ်များနှင့်ပတ်သက်၍ ထိုင်းရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ခဲ့ကြောင်း၊ ဖုန်းစစ်ဆေးသောအဖွဲ့မှပေးပို့သော သုံးသပ်ချက်များအရ ထို $X_2O$ မဏ္ဍာပ်၌ တွေ့သောဗုံးသည် တောင်ဥက္ကလာပချယ်ရီဥယျာဉ်အိမ်ရာ နေပြည်တော်တိုင်းမှူးအိမ်၌တွေ့သောဗုံး၊ ပဲခူးမြို့၌ပေါက်ကွဲသောဗုံးများနှင့်တူညီကြောင်းစသည့် သတင်းစာရှင်းလင်းပွဲပါအချက်များကို ထွက်ဆိုခဲ့ပါသည်။ ထိုသို့ထွက်ဆိုစဉ် တဆင့်ကြားစကားများ၊ ကိုဖြိုးဝေအောင် ပြောပါသည်ဆိုသော ရဲရှေ့အစစ်ခံချက်များကိုထွက်ဆို၍ ကိုဖြိုးဝေအောင်၏ရှေ့နေမှ ထိုထွက်ချက်များအား ရုံးတော်မှ လက်မခံသင့်ကြောင်း အမှုတွဲမှပယ်ထုတ်ပေးရန် တင်ပြလျှောက်ထားရာ တရားသူကြီးမှ ရှေ့နေ၏ လျှောက်ထားချက်အားပယ်ကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။

၄။ ၎င်းအား ပြန်လှန်စစ်မေးရာတွင် -

(၁) $X_2O$ မဏ္ဍာပ်ရှေ့တွင် GSM ဖုန်းအပါအဝင်၊ ဘီယာသံဗူးအတွင်း ဖောက်ခွဲပစ္စည်းများ၊ လက်ပစ်ဗုံး အပိုင်းအစများသိမ်းဆည်းခြင်းကို ကိုယ်တိုင်တွေ့မြင်သိမ်းခြင်းမဟုတ်ကြောင်း အဆိုပါ အချက်များကို ရဲချုပ်ထံမှရကြောင်း၊

(၂) ရုံးရှေ့တွင်ထွက်ဆိုသော ဗုံးနှင့် ပတ်သက်သောအချက်များနှင့်ပတ်သက်၍ ဗုံးစစ်ဆေးရေးအဖွဲ့တွင် ၎င်းမပါကြောင်း၊ ၎င်းအဖွဲ့၏ ထွက်ချက်များသည် မည်သည့်အထောက်အထား၊ သုံးသပ်ချက်အရ ဆိုသည်ကို မသိကြောင်း၊ ၎င်းသည် အဆိုပါအချက်များကို ရဲချုပ်ထံမှရကြောင်း၊

(၃) ရုံးရှေ့၌ ထွက်ဆိုသော GSM ကဒ်ကို ၎င်းမမြင်ဖူးကြောင်း၊ GSM ကဒ်ပါ ဖုန်းနံပါတ် (၅) ခုကို ၎င်းကိုယ်တိုင်တွေ့ရှိခြင်းမဟုတ်ကြောင်း၊ ရဲချုပ်ပြောပြချက်အရ သိခြင်းဖြစ်ကြောင်း၊

(၄) တရားခံပြေး မျိုးအေး (ခ) စိုးမိုး အမှန်တကယ်ရှိခဲ့ကြောင်း အထောက်အထားမပြနိုင်ကြောင်း၊ တရားခံဖြိုးဝေအောင်ထံမှ သိရှိရခြင်းဖြစ်ကြောင်း၊

(၅) ရုံးရှေ့တွင်ထွက်ဆိုသော ဖြိုးဝေအောင်၏လုပ်ခဲ့သောလုပ်ငန်းများ၊ သူရဇော်နှင့် ဆက်သွယ်ဆောင်ရွက်သောကိစ္စများ၊ On - Line ပေါ်တွင် ဆက်သွယ်သော အကြောင်းများ၊ ပြည်ပသို့သွားခဲ့သော အကြောင်းများ၊ ပြည်ပတွင် ပြောဆိုခဲ့သော အကြောင်းများ၊ ဗုံး (၃) လုံးပေါက်ကွဲကြောင်း၊ ၎င်းဗုံးများအား မည်သူမည်ဝါပစ်ကြောင်း စသည်တို့ကို ၎င်းကိုယ်တိုင်မြင်တွေ့ရခြင်းမဟုတ်ကြောင်း၊ ဖြိုးဝေအောင်၏ ထွက်ချက်အရ သိရှိခြင်းဖြစ်ကြောင်း၊

စသည်ဖြင့် ကိုယ်တိုင်တွေ့မြင်၊ ကြားသိသော ကိစ္စများ မဟုတ်သော တဆင့်ကြားသက်သေခံချက်များ (Hear-say Evidence)၊ ကျွမ်းကျင်ပညာရှင်များ၏ သုံးသပ်ချက်ဖြစ်သည်ဆိုသော တဆင့်ကြားသက်သေခံချက်များ၊ ကိုဖြိုးဝေအောင်ပြောသည်ဆိုသော ရဲရှေ့အစစ်ခံချက်များကို လာရောက်ထွက်ဆိုထားသည်များကို ပြစ်မှုကျင့်ထုံးဥပဒေနှင့် သက်သေခံဥပဒေအရ ရှေ့နေမှ အမှုတွဲမှ ဖယ်ထုတ်ပေးပါရန် တောင်းဆိုပါသော်လည်း တရားသူကြီး ဦးကိုကိုဦးက တဆင့်ကြား ထွက်ချက်များ၊ ရဲရှေ့အစစ်ခံချက်များကို ပယ်ဖျက်ရန် တင်ပြချက်ကို တရားမျှတမှုကင်းမဲ့စွာ ပြောင်ပြောင်တင်းတင်း ငြင်းပယ်ကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။

၅။ ကျွန်တော်ဆေးတက္ကသိုလ်နောက်ဆုံးနှစ်အပိုင်း (က) တွင် ဥပဒေရေးရာဆေးပညာကို (၁) နှစ် လေ့လာသင်ယူခွင့်ရခဲ့ရာ ပထမဆုံးသင်ယူရသည်မှာ (Examination in Courts) ဖြစ်ပါသည်။ ထို့အပြင် သက်သေခံဥပဒေစာအုပ်များ လေ့လာမှုအရပါ ထိုတဆင့်ပြောစကားများ (Hear-say Evidence)၊ ရဲရှေ့အစစ်ခံချက်များကို တရားရုံးတွင် ထွက်ဆိုခွင့်လုံးဝမရှိပါ။ အမှုနှင့်သက်ဆိုင်သောကိစ္စများကို ထွက်ဆိုခွင့်ရှိသော်လည်း တဆင့်ကြားသက်သေခံချက် (Hear-say Evidence)၊ ရဲရှေ့အစစ်ခံချက်များကို လုံးဝသက်သေခံခွင့်မရှိပါ။ ( သေဆုံးခြင်း၊ တရားရုံးသို့ မလာရောက်နိုင်ခြင်း စသည့် ပြဌာန်းချက်များရှိမှသာ (Hear-say Evidence) ကို လက်ခံပါသည်။ )

၆။ သို့ပါလျက် ဒုရဲမှူးဝင်းမောင်၏ ကိုယ်တိုင်ကြားမြင်သိရှိခြင်းမဟုတ်သော ရဲချုပ်မှပြောပါသည်ဆိုသော တဆင့်စကားများ၊ သက်သေများနှင့် ကိုဖြိုးဝေအောင်ပြောသည်ဆိုသော ရဲရှေ့အစစ်ခံချက်များကိုပယ်ဖျက်ပေးရန် ငြင်းပယ်ခြင်းမှာ ရန်ကုန်မြောက်ပိုင်းခရိုင်တရားသူကြီး ဦးကိုကိုဦး၏ တရားဥပဒေမဲ့ ပြောင်ပြောင်တင်းတင်းချိုးဖောက်သော မတရားမှုဖြစ်ပါသည်။

၇။ ယခုစာနှင့်ပူးတွဲပါ <u>၎င်းတရားသူကြီး၏အမိန့်</u> အား ကြည့်ရှုလေ့လာမှုတစ်ခုတည်းဖြင့်ပင် ၎င်းတရားသူကြီးအား ပြင်းပြင်းထန်ထန်အရေးယူရန် လုံလောက်သော၊ ခိုင်မာသောသက်သေဖြစ်ပါသည်။

၈။ သို့ဖြစ်ပါ၍ တရားဥပဒေစိုးမိုးသော နိုင်ငံတော်အနေနှင့် ထိုသို့ပြောင်ပြောင်တင်းတင်းဥပဒေမဲ့၊ တရားမျှတမှုကင်းမဲ့စွာ အမိန့်ချမှတ်၊ တရားစစ်ဆေးနေပါသော ရန်ကုန်မြောက်ပိုင်းခရိုင်တရားသူကြီး ဦးကိုကိုဦးအား ပြင်းပြင်းထန်ထန် အရေးယူပေးပါရန်နှင့် အခြားတရားမျှတသော တရားသူကြီးတစ်ဦးဦး အား ပြောင်းလဲစစ်ဆေးပေးပါရန် ရိုသေလေးစားစွာဖြင့် တင်ပြတောင်းဆိုအပ်ပါသည်။

<u>ပူးတွဲတင်ပြသော စာများ</u>

၁။ မြောက်ပိုင်းခရိုင်တရားသူကြီး ဦးကိုကိုဦး၏ အမိန့်။

၂။ ( ၇ -၁၀-၂၀၁၀) နေ့စွဲပါစာ။

၃။ ( ၁၃ - ၁ - ၂၀၁၁) နေ့စွဲပါစာ။

**လေးစားစွာဖြင့်**

**ဒေါက်တာထက်ဝေအောင်**
**( ကိုဖြိုးဝေအောင်၏ ညီ )**
၂၇ (F)၊ (တတိယလွှာ)၊ ၅၅-လမ်း၊
ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၁-၇၃၀၇၉၇၅၄

<u>မိတ္တူကို</u>

၁။ ရှေ့နေချုပ်၊ (နိုင်ငံတော်တရားရုံးချုပ်)၊ နေပြည်တော်။

၂။ Ms Navannethem Pillay ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး။

၃။ Mr. Tomas Ojea Quintana မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူး ကိုယ်စားလှယ်။

၄။ Mrs Gabrieal KNAUL လွတ်လပ်သော တရားသူကြီးများနှင့် ရှေ့နေများဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ်။

၅။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ။

၆။ OHCHR ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးခွဲ၊ ဘန်ကောက်။

၇။ လက်ခံ။